သတင်းထုတ်ပြန်ချက်

၂၆၊ ဩဂုတ်လ၊ ၂၀၁၆ ခုနှစ်

## ကရင်ပြည်နယ်အတွင်း ဆောင်ရွက်သော အာရှအဝေးပြေးလမ်းမဖွံ့ဖြိုးရေးစီမံကိန်းသည် ပဋိပက္ခနှင့်နေရပ်ဖယ်ရှားခံရခြင်းများနှင့် ဆက်နွယ်နေသည်။

ကရင်ပြည်နယ်အတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုဆိုင်ရာ အကျိုးအမြတ်မျော်ကိုးမှုများဖြင့် တည်ဆောက်ပြီးစီးခဲ့သော အာရှအဝေးပြေးလမ်းမကြောင့် ပြည်သူလူထုများ မည်မျှပေးဆပ်ခဲ့ရသည်ကို ယနေ့ တရားဝင်ထုတ်ပြန်လိုက်သော THWEE လူထုဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်၊ ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ရက် (KSEAN) နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) တို့၏ ပူးတွဲအစီ ရင်ခံစာသစ်က ဖေါ်ထုတ်လိုက်သည်။ အာရှအဝေးပြေးလမ်းမနှင့် ဆက်နွယ်၍ ပဋိပက္ခ၊ နေရပ် ရွှေ့ပြောင်းဖယ်ရှားခံရမှုနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများစွာ ဖြစ်ပွားခဲ့ရသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများ ဆက်လက်ဝင်ရောက်နေသကဲ့သို့ အစိုးရနှင့်ရင်းနှီးမြုပ်နှံသူများသည် အကြီးစားအခြေခံလမ်းပန်းဆက်သွယ်ရေးအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်းများကို နိုင်ငံအနံ့အပြားတွင် လျင်မြန်သောအဟုန်ဖြင့် အကောင်အထည်ဖေါ်နေလျက်ရှိသည်။ ထားဝယ်အထူးစီးပွားရေးဇုန်ကဲ့သို့သော စီးပွားရေးဇုန်များအား လက်ရှိအရှေ့တောင်အာရှဒေသတွင်တည်ရှိသည့် အခြားသောကုန်သွယ်ရေးကွန်ရက်များနှင့် ပိုမိုကောင်းမွန်စွာချိတ်ဆက်နိုင်ရန်အတွက် မြန်မာနိုင်ငံအနံ့တွင် အာရှအဝေးပြေးလမ်းမကြီးကဲ့သို့ ကောင်းမွန်ချောမွေ့သည့် လမ်းမကြီးများကို ဆောက်လုပ်ခင်းကျင်းနေလျက်ရှိသည်။ အာရှအဝေးပြေးလမ်းမကြီးကို မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံအကြား ကုန်သွယ်မှုအား ခက်ခဲမှုများမရှိစေရန်အတွက် ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်ပြီး ၎င်းသည် မဟာမဲခေါင်ဒေသခွဲစီးပွားရေးလုပ်ငန်းကြီး အစီအစဉ်မှ ချမှတ်ထားသော အရှေ့ - အနောက်စီးပွားရေးစင်္ကြံလမ်းမစီမံကိန်းကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့သော် လက်တွေ့တွင် စီမံကိန်းလုပ်ဆောင်သူများပြောသလိုမဟုတ်ဘဲ အာရှလမ်းမကြီးမှ ယူဆောင်လာပေးသောအကျိုးအမြတ်နှင့် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများသည် မြန်မာနိုင်ငံတွင်းရှိ ပြည်သူလူထုအားလုံးအား တန်းတူညီမျှစွာ အကျိုးခံစားခွင့်မပေးပါ။

*"လှပသောစကားလုံးများနှင့် အကျည်းတန်ရုပ်ဆိုးသောလုပ်ရပ်များ၊ အာရှအဝေးပြေးလမ်းမကြီး၊ ကရင်ပြည်နယ်၊ မြန်မာနိုင်ငံ"* အစီရင်ခံစာသည် အကြီးစားအခြေခံ လမ်းပန်းဆက်သွယ်ရေးအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်းများမှတစ်ဆင့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ဆောင်သူအမျိုးမျိုးနှင့် ဘဏ္ဍာရေးထောက်ပံ့သူများက လူ့အခွင့်အရေးချိုးဖေါက်မှုများကို မည်ကဲ့သို့အားဖြည့်ကျူးလွန်ခဲ့ပြီး ယခင်ပဋိပက္ခ၏ဒဏ်ကို ရင်ဆိုင်ခံစားခဲ့ရသောကရင်လူထုအား မည်သို့ပိုမိုဆင်းရဲဒုက္ခရောက်စေခဲ့ပုံများကို မှတ်တမ်းတင်ထားသည်။ အာရှဖွံ့ဖြိုးရေးဘဏ်နှင့်ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (NEDA) သည် နိုင်ငံတကာ၏ကာကွယ်စောင့်ရှောက်မှုဆိုင်ရာစံနှုန်းများကို လစ်လျူရှုပြီး ကရင်ပြည်နယ်အတွင်း ပဋိပက္ခအချိန်မရွေးဖြစ်ပွားနိုင်သော ဒေသတွင် အကောင်အထည်ဖေါ်နေသည့် အာရှအဝေး ပြေးလမ်းမှအား ဘဏ္ဍာရေးငွေပံ့ပိုးပေးလျက် များစွာသောသဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှုများကို ဖြစ်ပွားစေခဲ့သည်။ လက်နက်ကိုင်တိုက်ပွဲများအချိန်မရွေးဖြစ်ပွားနိုင်သောနေရာနှင့် မြေယာအခွင့်အရေးများရှင်းလင်းစွာမရှိသောနေရာတွင် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုအား အတည်ပြုပြီး ဘဏ္ဍာရေးပံ့ပိုးခြင်းသည် အာရှဖွံ့ဖြိုးရေးဘဏ်အတွက် ကြီးမားသောတာဝန်မဲ့မှုဖြစ်သည်။

အဝေးပြေးလမ်းမတစ်လျှောက်နေထိုင်နေသောရွာသားများသည် ၎င်းတို့၏မြေပေါ်မှ နေရာဖယ်ရှားရွှေ့ပြောင်းခြင်းခံရပြီး ၎င်းတို့၏မြေယာများဆုံးရှုံးမှုအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တစ်ဖက်သတ်သဘောဆန္ဒများအရ မမျှတစွာသတ်မှတ်ပေးသောလျော်ကြေးများကိုလက်ခံရန် ဖိအားပေးအကျပ်ကိုင်ခံခဲ့ရသည်။

ကုန်သွယ်ရေးအကျိုးမြတ်ကြီးမားသည့် လမ်းကြောင်းတစ်ခုဖြစ်လာစေရေးအတွက် ရွာသားများသည် ၎င်းတို့၏အိမ်များနှင့်မြေယာများကို စတေးပေးရသည့်အပြင် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (ဒီကေဘီအေ) ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် မြန်မာအစိုးရတပ်များအကြား ဖြစ်ပွားသောလက်နက်ကိုင်ပဋိပက္ခများ၏ဒဏ်ကိုလည်း ကြိတ်မှိတ်ခံစားခဲ့ရသည်။ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်တွင် အာရှအဝေးပြေးလမ်းမအပေါ် သူသူငါငါထိန်းချုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းပြီး ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် ဒေသခံပြည်သူ ၁၀၀၀ ကျော်သည် မိမိတို့၏နေအိမ်များအား စွန့်ခွာထွက်ပြေးခဲ့ရ သည်။ တစ်နှစ်ကြာပြီးသော်လည်း ရွာသားများအားလုံး မိမိနေအိမ်သို့ ပြန်လည်မနေထိုင်နိုင်သေးပေ။ ပြန်လည်နေထိုင်နိုင်သူထဲမှ အများစုမှာလည်း မကြာသေးခင် ဩဂုတ်လ၊ ၂၀၁၆ ခုနှစ်အချိန်က နယ်ခြားစောင့်တပ်နှင့် ဒီကေဘီအေခွဲထွက်အဖွဲ့အကြားဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုများရှိခဲ့သည့်အပေါ် တိုက်ပွဲများကြောင့် ၎င်းတို့၏ရွာများသို့ အမြောက်များနှင့်ကျည်ဆံများ နောက်တစ်ကြိမ်ပြန်လည်ရောက်ရှိလာမည်ကို ကြောက်ရွံ့မှုများရှိနေသည်။

ထို့ကြောင့် THWEE, KESAN နှင့် KHRG မှ ပြည်သူများ၏မြေယာသိမ်းယူခြင်းများကိုရပ်တန့်ရန်နှင့် ပဋိပက္ခဖြစ်သောနယ်မြေများအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်းငံ့ထားရန် ဗဟိုအစိုးရ၊ ၎င်း၏ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အား တောင်းဆိုလိုက်ပါသည်။ နေရပ်နှင့် မြေယာပျောက်ဆုံးဖယ်ရှားခံခဲ့ရသူများအတွက် ထိုက်တန်လုံလောက်သောလျော်ကြေးများပေးရန်နှင့် ပြန်လည်ထူထောင်ခြင်းများဆောင်ရွက်ပေးရန် သဃ်န်းညီနောင်နှင့်ကော့ကရိတ်အကြား ဆောက်လုပ်ပြီးစီးခဲ့သည့် အာရှအဝေးပြေးလမ်းမ၏အပိုင်းနှင့်ပတ်သက်၍ လွတ်လပ်သောပြန်လည်သုံးသပ် ဆန်းစစ်လေ့လာမှုတစ်ခုလုပ်ဆောင်ရန် မရှိမဖြစ်လိုအပ်သည်။

ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ဆောင်သူများသည် လူအခွင့်အရေးများအား လေးစားရမည်ဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော ဖွံ့ဖြိုးရေးဆိုင်ရာဘဏ္ဍာရေးထောက်ပံ့သူများသည် ၎င်းတို့ငွေကြေးချေးပေးလိုက်သော သူများမှ နိုင်ငံတကာ ကာကွယ်စောက်ရှောက်မှုဆိုင်ရာလမ်းညွှန်နှင့်မူဝါဒများအား လိုက်နာမှုရှိစေရန် သေချာအောင်လုပ်ရမည်။ အကယ်၍ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာနိုင်ငံအစိုးရတို့သည် ရေရှည် တည်တန့်ခိုင်မြဲသော ကဏ္ဍာပေါင်းစုံပါဝင်သည့်ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားပြီး ဆင်းရဲနွမ်းပါး မှုကိုနည်းပါးစေလိုပါက ကော့ကရိတ်နှင့်အိန္ဒြူအကြား အကောင်အထည်ဖေါ်သွားမည့် အာရှလမ်းမအပိုင်း အားရှေ့မဆက်မီ ဒေသခံပြည်သူလူထု၏ အသံ၊ စိုးရိမ်ပူပန်မှုနှင့် မကျေနပ်ချက်များကို မဖြစ်မနေနားထောင်ဖြေရှင်းပေးရမည်။ အကြီးစား အခြေခံလမ်းပန်းဆက်သွယ်ရေးအဆောက်အအုံဖွံ့ဖြိုးရေး စီမံကိန်း များသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကြီးမားသောပံ့ပိုးမှုပေးနိုင်သော်လည်း နဂိုဘေးဖယ်ခြင်းခံထားရသည့်ပြည်သူများ၏ဘဝပေးဆပ်ရမှုများကို စတေးပြီးဆောင်ရွက်ပါက မည်သို့မျှမဖြစ်နိုင်ပါ။

သတင်းစာရှင်းလင်းပွဲကို မြန်မာဂျာနယ်လစ်ကွန်ယက်၊ အမှတ် (၁၈၁) ဒုတိယထပ် (ဘီ)၊ ၃၆ လမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင်ပြုပ်လုပ်မည်ဖြစ်သည်။

အချိန် - နံနက် ၁၁း၄၅ နာရီမှ နေ့လည် ၁း၃၀ နာရီထိ

**ဆက်သွယ်ရန်**


မန်းသိန်းဇော် ၀၉ ၄၂၅၀၃၉ ၄၀၇ (ဗမာ နှင့် ကရင် ဘာသာ)
နော်အယ်သော ၀၉ ၇၈၇၁၀၄၆၅၉ (ကရင်၊ ဗမာ နှင့် အင်္ဂလိပ်ဘာသာ)
စောအဲလက်စ် ၀၉ ၇၇၂၆၆၂၈၀၀ (ကရင်၊ ဗမာ နှင့် အင်္ဂလိပ် ဘာသာ) ၔ